# ပထမနှစ်
# (၁၈)ကြိမ်မြောက်သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

“အမြန်လာ၍စားကြလော့။”
ပရောဖက်အီဇာအိယအနာဂတ္တိကျမ်း- ၅၅၊ ၁မှ၃။
သခင်ဘုရားသည် ဤသို့အမိန့်တော်ရှိသည်။ရေငတ်သောသူအပေါင်းတို့ ရေရှိရာသို့လာကြလော့။ ငွေမရှိသောသင်တို့အမြန်လာကြ၊ ဝယ်၍စားကြလော့။ လာကြ၊ ငွေမပါဘဲဝယ်ယူကြလော့။ အဖိုးမပေးဘဲစပျစ်ရည်နှင့်နို့ရည်ကိုသုံးဆောင်ကြလော့။အဘယ်ကြောင့်စားသောက်ရန်မဟုတ်သောအရာများ၌ငွေကိုလည်းကောင်း၊တင်းတိမ်ရောင့်ရဲခြင်းကိုမပေးနိုင်သောအရာတို့၌သင်တို့၏လုပ်အားကိုလည်းကောင်း သုံးဖြုန်းကြသနည်း။ ငါ၏စကားကိုစေ့စေ့နားထောင်ကြလော့။ သင်တို့သည် အဆီအဆိမ့်များဖြင့် နှစ်သိမ့်ခြင်းကိုရနိုင်ကြရန် ကောင်းသောအရာများကိုစားကြလော့။ သင်တို့သည် နားစွင့် ထောင်ကြလျက် ငါ့ထံသို့လာကြလော့။သင်တို့၏ဝိညာဉ်အသက်ရှင်စေခြင်းငှာနားထောင်ကြလော့။ဒါဝိတ်အပေါ်ထားရှိခဲ့သော ကရုဏာမေတ္တာအစဉ်တည်မြဲသော ပဋိညာဉ်ကိုသင်တို့နှင့်ချုပ်ဆိုမည်။ဤသည်ကားဘုရားသခင်၏နှုတ်ကပါဠ်တော်ပေတည်း။

ဆာလံသီချင်းဧကျူးခြင်း။

ဆာလံ-၁၄၄။
သံပြိုင် -အိုသခင်ကိုယ်တော်၏လက်တော်ကိုဖြန့်တော်မူ၍ ကျွန်ုပ်တို့အားစွန့်ကြဲတော်မူပါ။

- သခင်ဘုရားသည် သနားကရုဏာနှင့် ပြည့်စုံတော်မူ၍ စိတ်ရှည်တော်မူ၏။ သခင်ဘုရားသည် အရာခပ်သိမ်းတို့အပေါ်မှာ ချိုမြတ်သာယာတော်မူ၏။ ကိုယ်တော်ဖန်ဆင်းထားသောအရာများအပေါ်၌လည်း သနားကြင်နာတတ်တော်မူ၏။ (သံပြိုင်)
- သတ္တဝါအပေါင်းတို့သည် ကိုယ်တော်အားမျှော်လင့်အားကိုးနေကြပေသည်။ ကိုယ်တော်သည် လည်းသူတို့အားထိုက်သင့်သော အချိန်ကာလ၌ ကျွေးမွေးတော်မူ၏။ ကိုယ်တော်၏လက်တော်ကိုဖြန့်တော်မူ၍ သတ္တဝါအပေါင်းတို့အား တင်းတိမ်ရောင့်ရဲစေတော်မူ၏။ (သံပြိုင်)
- ဘုရားသခင် မိမိလမ်းစဉ်ဟူသမျှ၌ ဖြောင့်မတ်တော်မူ၏။ မိမိ၏ဆောင်ရွက်ချက်ဟူသမျှ၌ သန့်ရှင်း တော်မူ၏။ ဘုရားသခင်သည် မိမိထံတောင်းလျှောက်သူအပေါင်းတို့နှင့် သမ္မာတရားတော်၌မိမိအား ခိုလှုံသူ အပေါင်းတို့၏ အနီးအပါး၌ ရှိတော်မူ၏။ (သံပြိုင်)

**ဒုတိယကျမ်း။**

"မည်သည့်အရာသတ္တဝါကိုမျှ ကျွန်ုပ်တို့ခရစ္စတူးသခင်၌ရှိသော ဘုရားသခင်၏
ချစ်ခြင်းမေတ္တာမှ ခွဲခွာနိုင်လိမ့်မည်မဟုတ်"

မွန်မြတ်သောတပည့်တော်ကြီး သံပေါလုးရောမားမြို့သားတို့ထံရေးသောစာ။(၈၊၃၅ နှင့် ၃၇မှ၃၉ထိ)။

ညီအစ်ကိုတို့အဘယ်သူသည် ကျွန်ုပ်တို့ကို ခရစ္စတူးသခင်၏ ချစ်ခြင်းမေတ္တာတော်မှ ခွဲခွာစေမည်နည်း။
ဒုက္ခ ဝေဒနာလော။ ငတ်မွတ်ခေါင်ပါးခြင်းလော။ အဝတ်အစားလစ်ဖြစ်ခြင်းလော။ ဘေးအန္တရယ်နှင့်
တွေ့ကြုံခြင်းလော။ လိုက်လံညှဉ်းဆဲခြင်းလော။ ဓါးနှင့်သတ်ဖြတ်ခြင်းလော။ ကျွန်ုပ်တို့ကို
ချစ်တော်မူသော သခင်၏ကူညီစောင်မ တော်မူခြင်းအားဖြင့် ဤစုံစမ်းခြင်းအားလုံးတို့ကို
ကျွန်ုပ်တို့အောင်မြင်ကြသည်။ အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊
ကောင်းကင်တမန်ဖြစ်စေ၊ နောင်ဖြစ်လတ္တံ့သော အရာများဖြစ်စေ၊ အာဏာတန်ခိုး ဖြစ်စေ၊ အမြင့်ဖြစ်စေ၊
အနိမ့်ဖြစ်စေ၊ မည်သည့်အရာသတ္တဝါမျှ ကျွန်ုပ်တို့ကို ခရစ္စတူးသခင်၌ရှိသော ဘုရားသခင်
၏ချစ်ခြင်းမေတ္တာတော်မှ ခွဲခွာနိုင်လိမ့်မည်မဟုတ်ဟုကျွန်ုပ်အမှန်သိပါသည်။
ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

အာလေလူယား (သံမာတေဦး - ၄၊ ၄ခ)

အာလေလူယား။ လူသည် မုန့်အားဖြင့်သာမဟုတ်သေး၊ ဘုရားသခင်၏ နှုတ်မှထွက်လေသမျှသော
စကားဖြင့် လည်းအသက်ရှင်ရသည်။ အာလေလူယား။

**ဧဝံဂေလိကျမ်း။**

" ရှိသမျှ လူတို့သည်လည်း စား၍ဝကြ၏"
သံမာတေဦးရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ (၁၄၊ ၁၃မှ ၂၁)
ထိုကာလ၌သခင်ယေဇူးသည် သံယောဟန်ဘတ္တိစတားသေသည့်အကြောင်းကို ကြားတော်မူလျှင်
ထိုအရပ်မှလှေဖြင့် ထွက်တော်မူ၍ တောအရပ်၌ ဆိတ်ကွယ်ရာသို့ကြွတော်မူ၏။
လူအစုအဝေးတို့သည်လည်း ကြားသိလျှင် မြို့ရွာတို့မှ ခြေလျင်လိုက်လာကြ၏။ ကိုယ်တော်သည်လည်း
ထွက်လာ၍ များစွာသောလူစုကိုမြင်တော်မူလျှင် ထိုသူတို့ကိုသနားခြင်းစိတ်ရှိတော်မူ၍ သူတို့တွင်
မကျန်းမမာသောသူတို့ကိုချမ်းသာပေးတော်မူ၏။ ညနေစောင်း သောအခါ တပည့်တော်တို့သည်
အထံတော်သို့ချဉ်းကပ်ကြ၍ တောအရပ်ဖြစ်ပါ၏။ အချိန်နာရီလည်းလွန်ပါပြီ။
လူအစုအဝေးတို့ကိုရွာများသို့သွားကြ၍ မိမိတို့အဖို့စားစရာဝယ်ခြင်းငှာ လွှတ်တော်မူပါဟုလျှောက်ကြလျှင်
ယေဇူးက သူတို့သွားဖို့အကြောင်းမရှိ။ သူတို့စားစရာအဖို့ သင်တို့ကပေးကြလော့ဟု မိန့်တော်မူ၏။
သူတို့ကလည်း ဤအရပ်မှာ တပည့်တော်တို့၌ ပေါင်မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်မှ တစ်ပါးမရှိပါဟုပြန်၍
လျှောက်ကြလျှင် ငါ့ထံသို့ယူခဲ့ကြလော့ဟု မိန့်တော်မူ၏ ။ ထိုအခါ လူအစုအဝေးတို့ကိုမြက်ပေါ်မှ
လျောင်းစေပြီးမှ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ယူတော်မူ၍ ကောင်းကင်သို့မျှော်ကြည့်တော်မူလျက်

ကျေးဇူးတော်ကိုချီးမွမ်းပြီးလျှင် ပေါင်မုန့် များဖဲ့တော်မူ၍တပည့်တော်တို့အား တပည့်တော်တို့ကလည်း လူအစုအဝေးတို့ အားပေးကြလေ၏။ ရှိသမျှသော သူတို့သည်လည်းစား၍ ဝပြီးမှအပဲ့အစအကြွင်းအကျန် တစ်ဆယ့်နှစ်တောင်းအပြည့် သိမ်းယူကြရ၏။ စားသော သူတို့မူကား မိန်းမများနှင့် ကလေးများကို မရေတွက်ဘဲ ယောကျ်ားပေါင်းငါးထောင်ရှိ၏။

***ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။***